မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 13 / Issue 5 / May /2020*




**May 10, 2020**

## May 2020

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

***May 3- 2020 … Holy Communion Service***

***May 10- 2020 … Mother's Day Service***

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

Who can find a Virtuous Woman? for her price is far above Rubies.

Proverbs 31:10

# = မိခင်တိုင်း အလိုဆန္ဒ ပြည့်ဝပါစေ =

မေတ္တာသည် …
ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်သည်။ ခပ်သိမ်းသောအရာကို ယုံတတ်သည်။
ခပ်သိမ်းသောအရာကို မြော်လင့်တတ်သည်။ ခပ်သိမ်းသောအရာကို သည်းခံတတ်သည်။
၁ကော၊၁၃း၇/1Cor13:7

မိခင်ဘဝမှာ သားသမီးများနှင့် ကြည်နူးပျော်ရွှင်ဖွယ် အမှတ်ရစေသည့် အကြောင်းအရာများ ရှိကြသည်။

မိခင်များကို မေးကြည့်လျှင် သူတို့အားလုံးမှာ သားသမီးများနှင့်ပတ်သက်၍၊ ကြည်နူးစရာ ပုံပြင်ကလေးတွေ ရှိကြမှာ အမှန်ပါ။

သားသမီးတို့သည် မိခင်၏အသဲနှလုံး၊ ဖခင်၏ခွန်အား၊ အိမ်ထောင်၏ဆွဲလဲ ဖြစ်သောကြောင့် ချစ်လို့မဝ၊ ကြည့်လို့မဝ၊ ပျော်လို့လည်းမဆုံးနိုင်ပါ။

ကလေးတို့သဘာဝ ကြီးပြင်းလာရာ လမ်းတလျှောက်မှာ …
တခါတရံဝယ်၊ သူတို့လေးတွေ ဖျားနာသောအခါ၊ ဒုက္ခတွေ့သောအခါ၊ မိခင်များ စိတ်မပျော် နိုင်တော့ပါ။
မိခင်မေတ္တာဖြင့် သူတို့ကိုယ်စား မိမိသာ အစားထိုးယူလို့ ရမယ်ဆိုလျှင်၊ လွှဲယူချင်သည်အထိ ဂရုဏာကြီးမားသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း ၁၅း၂၁–၂၈ ထဲမှ မိခင်တစ်ဦးကို စံထား၍ကြည့်ကြပါစို့။
သခင်ယေရှုသည် တုရုမြို့နှင့်ဇိဒုန်မြို့ဒေသအနီးသို့ ကြွတော်မူလျှင်၊ ထိုနယ်စပ်မှ တပါးအမျိုးသား ခါနာန်လူမျိုး မိန်းမတယောက်
ထွက်လာပြီး၊–“ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကို သနားတော်မူပါ။
ကျွန်မ၏သမီးသည် နတ်ဆိုး နှိပ်စက်ခြင်းကို ပြင်းစွာခံရပါ၏”ဟု ဟစ်အော်သောအခါ၊ –

ကိုယ်တော်က၊– “ဣသရေလ အမျိုးအဝင် ပျောက်လွင့်သော သိုးများမှတပါး အခြားသောအမျိုး ရှိရာသို့ ငါ့ကို မစေမလွှတ်”။

ထိုမိန်းမသည် ချဉ်းကပ်၍ ပြပ်ဝပ်လျက် .. “ကျွန်မကို ကယ်မတော်မူပါ သခင်”ဟု လျှောက်လျှင်၊–

ကိုယ်တော်က၊– “သားတို့စားမည့် အစာကို ယူ၍ ခွေးကိုချ၍ မကျွေးအပ်”ဟု ပြန်ပြောတော်မူ၏။

မိန်းမကလည်း၊– “မှန်ပါ၏သခင်၊ ခွေးများပင်လျှင် မိမိသခင်၏ စားပွဲမှကျသော စားကြွင်းစားကျန်များကို စားရကြပါ၏”ဟု သခင့်ထံကို မရပ်မနား လျှောက်ပြန်လျှင်၊–

ကိုယ်တော်က၊– “အိုမိန်းမ၊ သင်သည်ယုံကြည်ခြင်းအားကြီး၏။ သင်၏အလိုဆန္ဒရှိသည်အတိုင်း သင်၌ဖြစ်စေ”ဟုမိန့်တော်မူ၏။

ခါနာန်အမျိုးသမီးဖြစ်သူ ထိုမိန်းမသည် မိခင်တစ်ဦး၏ချစ်ခြင်းမေတ္တာစိတ်ဖြင့် အဆက်မပြတ်တောင်းခံနေသောကြောင့်
ထိုအချိန်မှစ၍၊ သူမ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းမှ ပျောက်ကင်း၍ ကျန်းမာပကတိ ဖြစ်သွားလေ၏။

ယခုအချိန်မှာ၊ အချို့သောမိခင်အများစုသည် ခါနန်အမျိုးသမီးကဲ့သို့ပင်၊ မိမိတို့၏သားသမီးများကို စာတန်မာရ်နတ်၏
နှိပ်စက်နှောင့်ယှက်ခြင်းများ (ရောဂါဘေး၊ မူးယစ်ဆေး၊ သေရည်အရက်၊ ရန်ဖြစ်ခြင်း၊ စည်းကမ်းဖေါက်ခြင်း၊ လောကီတပ်မက်ခြင်း)
စသည်တို့ ဖိစီးခံစားနေရသဖြင့်၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်နှလုံး၏နာကျင်ခြင်း၊ စိတ်ဝိညာဉ်၏ဝမ်းနည်းခြင်း .. များတို့နှင့် ရင်ဆိုင် ကြုံတွေ့နေကြရသည်။

ထိုအခါမျိုးမှာ မိခင်များသည် ခါနန်အမျိုးသမီးကို စံနမူနာထားလျက်၊ သခင်ယေရှုအထံတော်ပါးမှာ ချဉ်းကပ်ပြပ်ဝပ်၍၊
“ကျွန်မကိုသနားတော်မူပါ။ ကျွန်မကိုကယ်မတော်မူပါ .. သခင်”ဟု တောင်းလျှောက်ရန် အထူးလိုအပ်သည်။

အချို့မှာ၊ လူ့အမြင်ရှုဒေါင့်မှ “ငါတောင်းလျှောက်လည်း မရပါဘူး” ဆိုပြီး၊ နောက်ဆုတ်သွားကြ၏။
အချို့မှာ၊ ကံကြမ္မာကိုပုံချကာ “ငါ့ထိုက်နဲ့ငါ့ကံ ဘာတတ်နိုင်မှာလဲ” ဆိုပြီး၊ ဒုက္ခဝန်ပိုးကို ထမ်းနေကြ၏။

ခါနန်အမျိုးသမီးမှာမူကား ထိုသို့မဟုတ်ပါ။ သခင့်ထံတော်ပါးမှာ မရမချင်း လျှောက်လဲတောင်းခံသည်။
သခင်က ပေးနိုင်စွမ်းအားရှိသည်ကို သိ၍ သခင်အပေါ် ယုံကြည်၍ ဇွဲမလျော့ပေ။
နောက်ဆုံးတွင် ခါနန်အမျိုးသမီးမှာ သူမ၏အလိုဆန္ဒရှိသည် အတိုင်း ဖြစ်လာခဲ့သည်။

သခင်ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည့်အရာမှာ စာတန်မာရ်နတ်အပါဝင် ရန်သူအပေါင်းတို့ကို အောင်နိုင်ခဲ့ပြီ။
သို့ဖြစ်၍၊ သခင့်ထံမှာတောင်းပါ။ နားညောင်းလျက်ထူးမည်။ အဖြေပေးမည်။ ဒုက္ခခံရလျှင်ချမ်းသာပေးမည်။
ထိုအခါ … မိခင်များသည် မိမိတို့ အလိုရှိသည် အတိုင်း ပြည့်စုံလိမ့်မည်။

ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသောစည်းစိမ် ရှိသည်အတိုင်း၊
သင်တို့ အလိုရှိသမျှတို့ကို ယေရှုရစ်တော်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။
ငါတို့အဘတည်းဟူသော ဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။
အာမင်။ … ဖိလိပ္ပိသြဝါဒစာ၊၄း၁၉–၂၀/ Philippians 4:19-20

# စုံစမ်းနှောင့်ရှက်ခြင်း နှင့် ထွက်မြောက်သောလမ်း

**ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကရင်း၊**
**ကိုယ်တော်အားဖြင့်ရင်း၊ ကိုယ်တော်အဘို့အလို့ငှါရင်း ဖြစ်ကြ၏။**
**ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။**
**ရောမ၊၁၁း၃၆**/ Romans 11:36

အသက်တာတွင် ကျွန်ုပ်တို့ ကြုံတွေ့ရသည့် ကပ်ရောဂါဘေး၊ စီးပွါးရေး၊ အလုပ်လက်မဲ့၊ အခက်အခဲ၊ မိမိချစ်ရသူများ၏ကျန်းမာရေး၊ လိုအပ်ချက်တို့ကြောင့် စိတ်ဓါတ်ကျအားငယ်၍ စိတ်ပျက်အားလျော့သည့် အကြိမ်များလည်း မနည်းတော့ပါ။

ဤလေးလံသော ဝန်ထုပ်ဝန်ပိုးများကြောင့် ကျွန်ုပ်တို့ဝိညာဉ်ရေး၌လည်း အလွယ်တကူ ခွန်အားလျော့သွားနိုင်ပါသည်။

ဤတွင်၊ တောင်အာဖရိကလူမျိုး သင်းအုပ်ဆရာ အင်ဒရူးမာရေးက မိမိအတွက် ခွန်အားဖြစ်ရန် ကိုယ်တိုင်ရေးထားသောစာကို ဒုက္ခကြုံတွေ့ရချိန်တွင် အခြားသူများလည်း အထောက်အကူရစေရန် ဆရာမာရေး ဤကဲ့သို့ ရေးထားခဲ့သည်။

ဒုက္ခကြုံတွေ့ရချိန်တွင် အောက်ပါအတိုင်း ပြောပါ။

ပထမဆုံး – ဘုရားသခင်သည် ကျွန်ုပ်အား ဤသို့ ကြုံတွေ့ရန် အခွင့်ပေးခဲ့သည်။
ကျဉ်းမြောင်းကျပ်တည်းသော နေရာသို့ ရောက်ရှိရခြင်းသည် ကိုယ်တော်၏အလိုတော်ဖြစ်ပြီး၊ ဤအခြေအနေတွင် ကျွန်ုပ်အနားယူမည်။

ထို့နောက် – ဤစုံစမ်းခြင်းတွင် ကိုယ်တော်သည် သူ၏မေတ္တာဖြင့် ကျွန်ုပ်အား ကြည့်ရှုစောင်မမည် ဖြစ်ပြီး၊ သူ့သားသမီးကဲ့သို့ တုံ့ပြန်ပြုမူနိုင်အောင် ကိုယ်တော် ကျွန်ုပ်အား ကျေးဇူးပြုမည်။

တစ်ဖန် – စုံစမ်းနှောက်ယှက်ခြင်းကို ကောင်းကြီးမင်္ဂလာအဖြစ် ကိုယ်တော် ပြောင်းလဲပေးမည်။
ကိုယ်တော်သွန်သင်လိုသော သင်ခန်းစာကို သင်ကြားမည်။ ကျေးဇူးတော်ဖြင့် ကျွန်ုပ်ကို ပတ်စည်းမည်။

နောက်ဆုံး – အချိန်ကျပါက ထိုအထဲမှ ကိုယ်တော် ကယ်နှုတ်မည် ဖြစ်ပြီး၊ မည်သည့်အချိန်တွင် မည်ကဲ့သို့ကယ်နှုတ်မည်ကို ကိုယ်တော် သိရှိထားပြီး ဖြစ်သည်။

ဤသို့ ဒုက္ခစုံစမ်းခြင်းထဲ ကျွန်ုပ်တို့ရောက်ရှိနေလျှင် ကိုယ်တော်ရှင် သိရှိနေပြီ ဖြစ်သောကြောင့် ကိုယ်တော် ကြည့်ရှု စောင့်ရှောက်လျက် ရှိမည်။ ကိုယ်တော်၏ သွန်သင်ချက်နှင့် သင်ကြားမှု အောက်တွင် ကျွန်ုပ်တို့ရှိနေလျှင် ကိုယ်တော်၏အချိန် အခါကို စောင့်နေမည်။

သို့သော်၊ အဖြေကို ကျွန်ုပ်တို့ ချက်ခြင်း လိုချင်ပြီး အလျင်အမြန် ပြေလည်ချင်သည်။

အချို့ကိစ္စများက အလွယ်တကူ မပြီးသွားပါ။ အဖြေက ကျွန်ုပ်တို့၌ မတည်၊ ကိုယ်တော့် အပေါ်၌သာမူတည်သည်။ ထို့ကြောင့်၊ ဖြစ်လေသမျှအခြေအနေကိုကျွန်ုပ်တို့လက်ခံရုံသာရှိသည်။ ဘုရားသခင်သည် သူ၏မေတ္တာတော်အားဖြင့် ကျွန်ုပ်တို့ကို စောင်မမည် ဖြစ်သည်။ ကျေးဇူးတော်အားဖြင့် ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုနားနိုင်မည် ဖြစ်သည်။

ထိုကြောင့်၊ ကျွန်ုပ်တို့၏လိုအပ်မှုများအတွက် အထောက်အပံ့ရရန် ဘုရားသခင်ထံ ကျွန်ုပ်တို့နေ့စဉ်ချဉ်းကပ်နိုင်သည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်း နှင့် ခံစားရသောကျေးဇူးတော်များ၊ ကျွန်ုပ်တို့၏အသက်တာ နှင့် ကျေနပ်ပျော်ရွှင်မှုများ၊ ကျွန်ုပ်တို့၏ ပြောဆိုမှု နှင့် မှန်ကန်သောဆောင်ရွက်မှုများ၊ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းနှင့် အနာဂါတ်ရည်မှန်းချက်များ၊ စသည့်အကြောင်းအရာအားလုံးသည် ကိုယ်တော် ရှင်ထံတွင် တည်ရှိပါသည်။

**လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည်ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော် မူသည်ဖြစ်၍၊သင်တို့မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ။ သင်တို့သည်ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်းစီရင်ပြုပြင်တော်မူလိမ့်မည်။**
**၁ကော၊၁၀း၁၃** /1Cor 10:13

သစ္စာတော်ရှင်အဘဘုရားသခင်၊–
ကိုယ်တော်သည် သစ္စာနှင့်တကွ ပဋိနာပြုသောသူအပေါင်းတို့၏ အနီးအပါး၌ရှိတော်မူပါ၏။
ဖျားနာခြင်း၊ ဝေဒနာခံစားရခြင်း၊ ကြုံတွေ့ရသည့် လိုအပ်မှုများ တို့ကို သည်းခံရန် ခက်ခဲသော်လည်း ကိုယ်တော်အား ကိုးစားနိုင်အောင် အကျွန်ုပ်တို့ကိုနှစ်သိမ့်လျက် စောင့်ထိန်းမစတော်မူပါ။
ကျွန်ုပ်တို့၌ ကိုယ်တော်၏မစခြင်းအထောက်အပံ့နှင့်ပြည့်စုံလိုပါ၏။ ကျွန်ုပ်တို့၏အသက်တာကဏ္ဍ တိုင်းကို ကိုယ်တော့်ထံအပ်နှံပါ၏။ နာကျင်ခံစားရမှုများမှ သက်သာပျောက်ကင်းမှုကိုလည်း ကိုယ်တော်အရှင် ဖြည့်ဆည်းပေးမည်ဟု အကြွင်းမဲ့ ယုံကြည်ပါ၏။ .. အာမင်။

——— ——— ———